# First Myanmar Investment Public Co., Ltd ၏ ၂၉ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေး ဥက္ကဋ္ဌ၏ အစီရင်ခံစာ

ကျွန်တော်တို့ရဲ့ ရှယ်ယာရှင်များ၊ မိတ်ဖက်များနှင့် ဝန်ထမ်းများအားလုံးကို ဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများကိုယ်စား FMI ရဲ့ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးပွဲသို့ တက်ရောက်လာကြသူများအားလုံးကို ကျွန်တော်မှ နွေးထွေးစွာ ကြိုဆိုပါတယ်။

ယနေ့ပြုလုပ်သော နှစ်ပတ်လည် အထွေထွေ အစည်းအဝေးသည် ဘဏ္ဍာနှစ် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အတွက် အစီရင်ခံ တင်ပြခြင်းဖြစ်ပါတယ်။

ဘဏ္ဍာနှစ်ရဲ့ ဒုတိယနှစ်ဝက်အစ ၂၀၂၀ ခုနှစ်၊ ဧပြီလမှစ၍ Covid-19 ဟာ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုရှိခဲ့ပါတယ်။ ထိုကာလအတွင်း စီးပွားရေးနှောင့်နှေးမှုတွေနဲ့ စိန်ခေါ်မှုများ ရှိခဲ့သော်လည်း ကုမ္ပဏီအနေဖြင့် လုပ်ဆောင်ချက်များ ကောင်းမွန်ခဲ့ပါတယ်။

ဒီလို စိန်ခေါ်မှုတွေ ရှိခဲ့တာတောင်မှ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွက် ဝင်ငွေသည် ၇% တိုးတက်ခဲ့ပြီး လွန်ခဲ့သည့်နှစ်တွင် ကျပ် ၃၁၇.၆ ဘီလီယံ ရရှိခဲ့ရာမှ အခုနှစ်တွင် ကျပ် ၃၄၀ ဘီလီယံသို့ တိုးမြင့်ရရှိခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ အသားတင်အမြတ်သည်လည်း မနှစ်က ကျပ် ၁၁.၇၃ ဘီလီယံ ရခဲ့ရာမှ ကျပ် ၁၁.၇ ဘီလီယံသို့ အနည်းငယ် ကျဆင်းခဲ့ပါတယ်။ ကုမ္ပဏီအုပ်စုဝင်ငွေရဲ့ အဓိကလုပ်ငန်းများဖြစ်တဲ့ ရိုးမဘဏ်နှင့် ပန်းလှိုင်ဆေးရုံသည်လည်း ဝင်ငွေရရှိမှု မြင့်တက်လာတဲ့အပြင် အသားတင်အမြတ် လည်း မြင့်တက်လာခဲ့ပါတယ်။

ဒါကြောင့် ကုမ္ပဏီရဲ့ ဘဏ္ဍာနှစ်တစ်နှစ်တာ စွမ်းဆောင်ချက် ရလဒ်တွေဟာ ကျေနပ်စရာကောင်းတဲ့ အခြေအနေသို့ ရောက်ရှိခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

Covid ကူးစက်ရောဂါဟာ စိန်ခေါ်မှုများစွာကို ဖြစ်ပေါ်စေခဲ့တယ်ဆိုတာ အားလုံးအသိဘဲဖြစ်ပါတယ်။ နေ့စဥ်လုပ်ဆောင်နေကြ လုပ်ငန်းလည်ပတ်မှုတွေကို နှောင့်နှေးစေခဲ့ပြီး နေအိမ်ကနေ အလုပ်လုပ်တာတွေက ပုံမှန်လိုဖြစ်လာခဲ့ပါတယ်။ အချင်းချင်းခပ်ခွာခွာနေရတဲ့ စည်းကမ်းချက်တွေကြောင့် ကျွန်တော်တို့ရဲ့ လုပ်ငန်းလည်ပတ်မှုတွေ အထူးသဖြင့် Customer တွေနဲ့ ထိတွေ့ဆက်ဆံရတဲ့ လုပ်ငန်းတွေအနေနဲ့ လုပ်ကိုင်ရ ခက်ခဲခဲ့ပါတယ်။

ဘဏ်ရဲ့ Customer အများစုကလည်း သူတို့ရဲ့ လုပ်ငန်းတွေက အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် ဘဏ်ချေးငွေကို အချိန်မှီဆပ်ဖို့ ခက်ခဲခဲ့ပါတယ်။ ဒါကြောင့် သူတို့ကို ဒီစိန်ခေါ်မှုတွေကနေ ရုန်းထွက်နိုင်စေဖို့ ၊ လုပ်ငန်းဘဏ္ဍာငွေ လည်ပတ်လာနိုင်အောင် ကြိုးစားရတွင် အချိန်ပိုရစေရန် ရိုးမဘဏ်မှ အစီအစဥ်များစွာနဲ့ မိတ်ဆက်ပေးခဲ့ပြီး အချို့သော အခကြေးငွေတွေနဲ့ ချေးငွေအတွက် အတိုးနှုန်းတွေကိုလည်း ဖြေလျှော့ပေးခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းအပေါ်မှာတော့ အကြီးမားဆုံးနဲ့ အဆိုးဆုံး ထိခိုက်မှုတွေ ရှိခဲ့ပါတယ်။ ခရီးသွားသူတွေအများကြီး လျော့ကျခဲ့ပြီး ပြည်ပမှ Booking တင်ထားမှုတွေ အကုန်လုံးကိုလည်း ဖျက်ခဲ့ရပါတယ်။ ပြည်တွင်းခရီးသွားသူတွေကို အဓိကထားပြီး အတတ်နိုင်ဆုံး ကြိုးစားခဲ့သော်လည်း ခရီးသွားလာမှု ကန့်သတ်ချက်တွေကြောင့် ဟိုတယ်အခန်း ငှားရမ်းမှုတွေအပေါ် အရမ်းထိခိုက်ခဲ့ပါတယ်။

ဒါပေမဲ့လည်း ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းကလွဲပြီး အခြားလုပ်ငန်းတွေကတော့ Covid ရဲ့ ဒဏ်ကို ကောင်းမွန်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ခဲ့ပါတယ်။ ကုန်ကျစရိတ် လျော့ချရေး အစီအစဉ်နှင့် ဆန်းသစ်တဲ့ ဈေးကွက်ရှာဖွေရေးများကြောင့် ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ခဲ့ပြီး ဘဏ္ဍာနှစ် အတွက် ကောင်းမွန်တဲ့ ရလဒ်တွေကို ရရှိခဲ့ပါတယ်။

အခုဆိုရင် ကျွန်တော် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ကစပြီး အခုထိ ဖြစ်ပျက်ခဲ့တဲ့ အခြေအနေအတွက် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ အခုလက်ရှိ ဘဏ္ဍာနှစ်ရဲ့ပထမ ၄ လမှာတော့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကလွဲလို့ ကျွန်တော်တို့ရဲ့အခြားလုပ်ငန်းတွေကတော့ တည်ငြိမ်ပြီး အခြေအနေကောင်းနေခဲ့ပါတယ်။

ဒါပေမဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး အခြေအနေတွေ ပြောင်းခဲ့ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းလုပ်ကိုင်ခဲ့တဲ့ ၂၈ နှစ် ကာလမှာ တစ်ခါမှ မကြုံခဲ့ဖူးတဲ့ စိန်ခေါ်မှုတွေကို ကျွန်တော်တို့ ရင်ဆိုင်ခဲ့ကြရပါတယ်။

လက်ရှိမှာဖြစ်နေတဲ့ နိုင်ငံရေးအခြေအနေ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြောင်းလဲမှုတွေနဲ့ ပတ်သက်ပြီး အားလုံးက သိထားပြီးသားဖြစ်လို့ ကျွန်တော်အနေနဲ့ အသေးစိတ် မပြောတော့ပါဘူး။ နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းကဏ္ဍ ကျဆင်းလာမှာကိုလည်း ကျွန်တော်တို့အနေနဲ့ ခန့်မှန်းထားနိုင်ပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီရဲ့ စွမ်းဆောင်ချက်အပေါ်မှာလည်း ထိခိုက်လာမှာဖြစ်ပါတယ်။

ဒီစိန်ခေါ်မှုတွေကို ကျော်လွှားပြီး ရေရှည်မှာ ရပ်တည်နိုင်ဖို့ ကျွန်တော်တို့အနေနဲ့ ဝန်ထမ်းနှင့် လစာလျှော့ချတာတွေ၊ အသုံးစရိတ် လျှော့ချတာတွေနှင့် ကုမ္ပဏီဖွဲ့စည်းမှုပုံစံကိုလည်း ပိုမိုကျစ်လစ်မှုရှိအောင် ချုံ့ချခဲ့ပါတယ်။ အချို့ စီမံကိန်းတွေကိုလည်း ယာယီရပ်ဆိုင်းထားပြီး တစ်ချို့ ဈေးကွက်ရှာဖွေရေးလုပ်ငန်းစဉ်တွေကိုလည်း ရပ်တန့်ထားခဲ့ပါတယ်။

ရှေ့လျှောက် စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ပိုများတဲ့ စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရမှာဖြစ်လို့ လာမယ့် ၁၂ လအတွင်း ဝင်ငွေနည်းနည်းဖြင့် ဆက်လက်ရပ်တည်သွားနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။

ဒီလိုခက်ခဲနေတဲ့အချိန်တွေမှာ အစီအစဉ်တွေ သေချာချမှတ်ကာ အခြေအနေအပေါ် မူတည်ပြီး လိုက်လျောညီထွေစွာ လုပ်ဆောင်သူသာ ဆက်လက်ရပ်တည်သွားနိုင်မှာဖြစ်ပါတယ်။ ဒီလိုမလုပ်နိုင်တဲ့သူတွေကတော့ ရှုံးနိမ့်ပြီး ဆက်လက်ရပ်တည်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အခက်အခဲစိန်ခေါ်မှုတွေက တစ်ကယ်လက်တွေ့မှာ ဖြစ်ပျက်နေတာပါ။ ဒါတွေဟာ စိတ်ကူးယဉ်အိမ်မက်တွေ မဟုတ်တဲ့အတွက် ကျွန်တော်တို့တွေ မရင်ဆိုင်ချင်လို့ ပျောက်ပျက် သွားမှာလည်း မဟုတ်ပါဘူး။

ဒီအချက်တွေကြောင့် ဘုတ်အဖွဲ့အနေနဲ့ အခြေအနေကို သေချာသုံးသပ်လေ့လာပြီး ဒီနှစ်အတွက် အမြတ်ငွေ မထုတ်ပေးဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ အဲ့အစား အခုလို ခက်ခဲနေချိန်မှာ ကုမ္ပဏီမှာရှိနေတဲ့ ဘဏ္ဍာငွေတွေကို ခြိုးခြံပြီး ဆက်လက် ရပ်တည်နိုင်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရှယ်ယာရှင်တွေ အနေနဲ့ နားလည် ထောက်ခံပေးကြမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

ပြီးခဲ့တဲ့ ၂၈ နှစ် သက်တမ်းတစ်လျှောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတိုင်းမှာ ကျွန်တော် လာမယ့်ဘဏ္ဍာနှစ်အတွက် ကြိုတင်ခန့်မှန်းနိုင်ခဲ့ပေမဲ့ ဒီလာမဲ့နှစ်အတွက်တော့ ကျွန်တော် ဘာကိုမှ မခန့်မှန်းနိုင်ဖြစ်နေပါတယ်။ အခုလို စိန်ခေါ်မှုတွေများပြီး အင်မတန်ခက်ခဲနေတဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ ဆက်လက်ရပ်တည်ပြီး အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားသွားနိုင်ဖို့အတွက် ကုမ္ပဏီရဲ့

ဘုတ်အဖွဲ့နှင့်စီမံခန့်ခွဲရေးအဖွဲ့မှ အကောင်းဆုံး ကြိုးစားသွားမယ်ဆိုတာကိုဘဲ ကျွန်တော် သေချာပေါက် ပြောနိုင်ပါတယ်။

ကုမ္ပဏီရဲ့ရှယ်ယာရှင်များနှင့် ပါဝင်ပတ်သက်သူများအားလုံး နှစ်သစ်မှာ ဘေးကင်းလုံခြုံပြီး ကျန်းမာပါစေလို့ ကျွန်တော် ဆုမွန်ကောင်း တောင်းပေးပါတယ်။ လာမယ့်လတွေမှာလည်း အားလုံးကို ပိုကောင်းတဲ့ သတင်းတွေနဲ့ အသိပေးအကြောင်းကြားသွားနိုင်ဖို့ကို ကျွန်တော် မျှော်လင့်မိပါတယ်။

# First Myanmar Investment's 29th Annual General Meeting

# Chairman's Business Report

Good afternoon to all our shareholders, business partners and employees.

On behalf of the Board of Directors, I am delighted to welcome you to FMI's AGM.

I wish to firstly point out that the financial year we are reporting on today at this AGM pertains to the dates starting 1 October 2019 to 30 September 2020.

During that period, your Company did relatively well despite the challenges of Covid-19 which started to affect our business from April 2020 to the end of the financial year, which is the second half of the financial year.

Despite those challenges, the result for the whole Financial Year 2019-2020 showed an increase of 7% in revenue, from last year's MMK 317.6 billion to MMK 340 billion

Our net profit also had a marginal decrease from MMK 11.73 billion to MMK 11.70 billion. On the business front, Yoma Bank and Pun Hlaing Hospitals both showed improvement at the top revenue line as well as the bottom net profit line.

Therefore, it would be fair to say that the performance of the Company was satisfactory for the year in review. It is clear that the Covid pandemic created a lot of challenges. Normal operations were hindered and work from home became a norm. Social distancing demanded that the majority of our programmes, especially those with customer interactions had to be vastly curtailed.

Many of our banking customers encountered great hardship with their businesses and as a result had difficulty honoring their commitments on a timely basis. To help them with these challenges, Yoma Bank proactively introduced several plans allowing them more time to discharge their liabilities, as well as relaxed certain fees and interest rates on their loans.

The largest and most serious impact was on our tourism businesses which saw a steep decline of customers and virtually 100% cancellations of all bookings from overseas travellers. As much as we tried to shift our focus to domestic travellers, usage of our facilities were still greatly impacted by the travel restrictions.

However, other than our tourism business, we did weather the storm of Covid rather well. With a robust programme of cost savings and innovative marketing, we overcame the challenges and ended the Financial Year in a positive and upbeat mode.

Now, I need to touch on the situation covering from 1 October, 2020 until now. For the first four months of this current Financial Year, our businesses, except for the tourism business, were still faring well and stable.

But things changed on 1 February, 2021, and we are seeing our businesses facing challenges unprecedented for the past 28 years of our existence.

I do not intend to dwell into details since I believe all of you are aware of the current political, economic and social climate change. Suffice to say however that we can expect a substantial downturn of our economy and as a result, the performance of our Company for the Financial Year 2020-21.

As such, we have introduced drastic and robust measures covering staff retrenchment, salary and wage reductions, costs cutting and costs savings, and streamlining our organisational structures. We have also temporarily suspended certain projects and held back certain marketing plans.

The objective is that we must sustain the next 12 months with the expectation of a substantially reduced income revenue under a much more challenging business environment.

During these hard times, those who seriously plan and adapt will survive while those who don't will become redundant, irrelevant or even fail to exist anymore. The threats that face us are real and not imaginary, and they will not go away just because you edict it to go away.

For these reasons, your Board has seriously considered the situation and resolved that we will not be paying out any dividends this year. Instead, we will preserve the cash we have in hand to sustain us over this period of hardship. I hope we will have the understanding and support of our shareholders on this matter.

For the first time in my 28 years of reporting annually at the AGM, I do not have any prediction or forecast to make for the coming year. I will only make you a pledge that the Board and the management of your Company will do its utmost to ensure that we survive this period of extreme challenge and emerge standing and strong at the end.

I wish all our shareholders and stakeholders a safe and healthy New Year and I look forward to providing a much more encouraging report in the months to come.